စိတ်ကူးချိုချိုအနုပညာ

# ဖိနှိပ်မှုတိုက်ပွဲ အဆင့်ဆင့်

ဦးနု
သန့်ရှင်း ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌ



mgyoe.com

ဤစာအုပ်သည်
ဒီမိုကရေစီကို မြတ်နိုးသူတိုင်း
လွတ်လပ်ရေးကို စုံမက်သူတိုင်း
လူ့အခွင့်အရေးကို တန်ဖိုးထားသူတိုင်း
အတွက် ဖြစ်သည်။



mgyoe.com

UNU0015
1,500.00 KS

mgyoe.com

ဖိနှိပ်မှုတိုက်ပွဲအဆင့်ဆင့်၊ ဦးနု(သန့်ရှင်းဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ)
စာမျက်နှာ ၁၀၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀ •၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
ဖဆပလပုံနှိပ်တိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဖိနှိပ်မှုတိုက်ပွဲ
# အဆင့်ဆင့်

ဦးနု
(သန့်ရှင်းဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ)

မြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## "ရန်ကို ရန်ချင်း မတုံ့လျှင်းနှင့်"

- ဤသူသည် ငါ့ကိုဆဲရေး၏၊ ငါ့ကို ညှဉ်းဆဲ၏။ ငါ့ကို နိုင်၏၊ ငါ၏ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌အမျက်ထား လျက် ရန်ငြိုးဖွဲ့ကြသော သူတို့မှာ ရန်သည်မငြိမ်း လေ။
- ဤသူသည် ငါ့ကိုဆဲရေး၏၊ ငါ့ကို ညှဉ်းဆဲ၏၊ ငါ့ကို နိုင်၏၊ ငါ၏ ဥစ္စာကို ခိုး၏ ဟူ၍ စိတ်၌ အမျက် မထား ရန်ငြိုးမဖွဲ့ကြသောသူတို့မှာ ရန်သည် ငြိမ်း လေ၏။
- ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှမငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏။ ဤသို့ရန်တုံ့မမူသဖြင့် ရန် ငြိမ်းခြင်းသည် ရှေးအစဉ်အလာဓမ္မတာသဘော ပေတည်း။
- လူမိုက်တို့သည် ဤလောက၌ မိမိတို့ အမြဲမနေသေ ရဦးမည်ကို မအောက်မေ့မဆင်ခြင်ဘဲ ခိုက်ရန်ပွား ကုန်၏။ ပညာရှိတို့သည်ကား မိမိတို့ အမြဲမနေ သေ ဦးမည်ကို သိမြင်ဆင်ခြင်ကြ၍ လူမိုက်တို့ကို မတုဘဲ ခိုက်ရန်ငြိမ်းအောင် ပြုကြကုန်၏။

ဓမ္မပဒ

× × × ×

mgyoe.com

mgyoe.com

နလုံးရည်နဲ့တိုက်တဲ့ လမ်းစဉ်ကတော့ အမှန်ဆုံး လမ်းစဉ်ဖြစ်တယ်။ ဒါ့ကြောင့် အကောင်းဆုံးလမ်းစဉ်လည်း ဖြစ်တယ်။ ဘာဖြစ်လို့ အမှန်ဆုံးနဲ့ အကောင်းဆုံးလမ်းစဉ် ဖြစ်တယ် ဆိုတာကို ရှင်းပြချင်တယ်။

(၁) နလုံးရည်တိုက်ပွဲမှာ တစ်ဖက်က ဒေါသနဲ့ တိုက်တာကို ဒီဘက်က မေတ္တာနဲ့ ပြန်တိုက်ရမယ်။ ဒီလမ်းစဉ်ဟာ ဘုရားကြိုက်တဲ့ လမ်းစဉ်ဖြစ်နေတယ်။ ဒါကြောင့် ဒီလမ်းစဉ် ဟာ မှန်တယ်။

(၂) နလုံးရည်တိုက်ပွဲဟာ လက်နက်နဲ့ အဆုံးအဖြတ် ပေးနေကျဖြစ်တဲ့ ထုံးတမ်းစဉ်လာဆိုးကြီးကို အစားထိုးနိုင် တဲ့ တိုက်ပွဲဖြစ်တယ်။ ဒါ့ကြောင့် ဒီလမ်းစဉ်ဟာ မှန်တယ်။

(၃) ဒီနလုံးရည်တိုက်ပွဲလမ်းစဉ်မှာ ဒီမိုကရေစီကို ချစ် မြတ်နိုးတဲ့ ပြည်သူ လူထုကြီးတစ်ရပ်လုံးဟာ ကျယ်ကျယ် ပြန့်ပြန့် ပါနိုင်တယ်။ ဒါကြောင့် ဒီလမ်းစဉ်ဟာ မှန်တယ်။

(၄) နလုံးရည်တိုက်ပွဲအဓိကရည်ရွယ်ချက်က တခြား ဟာ မဟုတ်ဘူး။ တစ်ဖက်ကလူတွေကို စိတ်ပြောင်းအောင် လုပ်ဖို့ပဲ ဖြစ်တယ်။ တစ်ဖက်ကလူတွေ စိတ်မပြောင်းသရွေ့ ကာလပတ်လုံး ရန်ပွဲတွေဟာ ဘယ်တော့မှ အဆက်ပြတ်မှာ မဟုတ်ဘူး။ တစ်ပွဲပြီးတစ်ပွဲ ဖြစ်နေရမှာပဲ။ ဒီဘက်က လူတွေ က အခြားတစ်ဖက်က လူတွေကို ဘာမှ ပြန်မလုပ်ဘဲ အဖမ်းခံ အနှိပ်စက်ခံ အသေခံပြရင် တစ်ဖက်က လူတွေဟာ သံရုပ် ကျောက်ရုပ်တွေ မဟုတ်ပါဘူး။ တစ်နေ့မဟုတ် တစ်နေ့မှာ တော့ စိတ်ပြောင်းရမှာပဲ။ အဲဒီ စိတ်ပြောင်းတဲ့နေ့ဟာ ဒီမို ကရေစီ အောင်ပွဲခံတဲ့ နေ့ဖြစ်မှာပဲ။

ဥပမာ - အောက်ချင်းငှက်တွေကို ကြည့်ပါ။ သူတို့ဟာ အဖိုနဲ့အမ အမြဲတွဲနေတယ်။ ငှက်ပစ်သမားတစ်ယောက်က အဖိုကိုဖြစ်ဖြစ်၊ အမကိုဖြစ်ဖြစ် ပစ်ချလိုက်ရင် ကျန်တဲ့ အောက်ချင်းက ငှက်ပစ်သမားကို ဘာမှမလုပ်ဘူး။ သေနေ

mgyoe.com

mgyoe.com

တဲ့ အောက်ချင်းအနားက မြေကြီးပေါ်ကို တအား ထိုးချလိုက်ပြီး အသေခံလိုက်တယ်။ အဲဒါကို မြင်တဲ့ ငှက်ပစ်သမားဟာ စိတ်ပြောင်းသွားတယ်။ နောက်ကို ဘယ်တော့မှ ငှက်မပစ်တော့ဘူး။

နှလုံးရည်တိုက်ပွဲဟာ အဲဒီလို တစ်ဖက်သားရဲ့ စိတ်ကို ပြောင်းနိုင်တဲ့အတွက် ဒီလမ်းစဉ်မှန်တယ်။

အဲဒီမှန်တဲ့ နှလုံးရည်တိုက်ပွဲလမ်းစဉ်နဲ့ ဒီမိုကရေစီကို ကျွန်တော်တို့ ကာကွယ်မယ်။

× × × ×

နှလုံးရည်တိုက်ပွဲ ဝင်မယ့်လူဟာ သတ္တိအကြောင်းကို ကောင်းကောင်းသိထားဖို့ လိုတယ်။ တချို့က သူများကို ချရဲတာမှ သတ္တိလို့ထင်တယ်။ ဒါမှားတယ်။ အမှန်တရား အောင်မြင်ရေးအတွက် သူများချတာကို ခံရဲတာမှ သတ္တိ အစစ် ဖြစ်တယ်။

လက်နက်နဲ့ အာဏာကို ကိုင်ထားပြီး လက်နက်မဲ့ တစ်ယောက်ကို နိုင်လိုမင်းထက် ပါးရိုက်ရဲတဲ့လူနဲ့ ဒီလိုပါးရိုက်တာ မှားတယ်လို့လည်း ပြောရဲတယ်၊ နောက်ပြီးတော့ ဒေါသမပြေသေးလို့ ရိုက်ချင်သေးရင် ထပ်ရိုက်ပါဦးဆိုပြီး အခြားပါးတစ်ဖက်ကိုလည်း လှည့်ပေးရဲတဲ့လူကို ယှဉ်ကြည့်မယ်ဆိုရင်၊ ပထမလူက မိုက်တဲ့လူဖြစ်တယ်၊ ဒုတိယလူက သတ္တိရှိတဲ့လူ ဖြစ်တယ်။

× × × ×

တိုက်ပွဲလုပ်နေတုန်း မိုက်ရူးရဲတွေ တိုက်ပွဲထဲဝင်လာပြီး အကြမ်းဖက်ဖို့ ဟိုမြှောက် ဒီပင့်လုပ်မယ့်ဘေးရန်တွေကို အစကတည်းက ကြိုပြီး ကြည့်ထားပါ။ ဒီရန်တွေကို တွန်းလှန်နိုင်အောင်လည်း အသင့်လုပ်ထားကြပါ။ အကြမ်းဖက်တယ်ဆိုတာ လက်နက်ကိုင်ပြီး သူပုန်ထတာမှ အကြမ်းဖက်တာ

mgyoe.com

mgyoe.com

မဟုတ်ဘူး။ ဟိုလူ ဒီလူကို ချောင်းသတ်တာမျိုးဟာလည်း အကြမ်းဖက်တာပဲ။ ကိုယ့်အသားနည်းနည်းထိလာတော့ လူဆိုတာ ဘေးကမြှောက်ပေးတဲ့ လူတွေရဲ့ စကားကို နား ယောင်တတ်တယ်။ အဲဒါကို ကြပ်ကြပ် သတိထားပါ။ ဒီလို ချောင်းရိုက်တယ်၊ ချောင်းခုတ်တယ်၊ ချောင်းပစ်တယ်၊ ချောင်းသတ်တယ် ဆိုတာမျိုးဟာ အင်္ဂလိပ်လို တဲရားရင့်ငင်းမ် လို့ခေါ်တယ်။ ဒီဟာမျိုးကို သူ့ရဲ့ဘောနည်းတဲ့ လူတွေ ကိုယ့် စွမ်းရည် မယုံကြည်တဲ့ လူတွေ၊ လူထုရဲ့ အင်အားကို မယုံ ကြည်တဲ့ လူတွေ၊ အကြံကုန်တဲ့လူတွေ လုပ်ကြတယ်။ ဒါမျိုး ကို တစ်ခါလုပ်မိရင် ရပ်ဖို့ အင်မတန်ခက်တယ်။ အဲဒီတော့ ဒီတဲရားရင့်ငင်းမ်ကို လုပ်ဖို့ မပြောနဲ့ စိတ်တောင်မကူးမိအောင် အထူးကြိုးစားကြရမယ်။ ဒါမျိုးဟာ တစ်ဦးက လုပ်၊ တစ်ဦး က ပြန်လုပ်နဲ့ အဆုံးမသတ်နိုင်ဘဲ ဖြစ်တတ်တယ်။

(ဦးနု၏ "မေဒေးနေ့ မိန့်ခွန်း" မှ)

▢

mgyoe.com

mgyoe.com

## ဖိနှိပ်မှုတိုက်ပွဲ အဆင့်ဆင့်

လူတစ်ယောက်သည် မိမိအိမ်ဦးခန်းတွင် "ဩကာသ - ဩကာသ ကာယကံ - ဝစီကံ" ဟူ၍ ဘုရားရှိခိုးနေစဉ် လူတစ်စုက အိမ်ရှေ့မှလာ၍ "မင်းဒီလို ရှိခိုးနေပြန်ပြီလား" ဟု ကြိမ်းမောင်းကာ ထိုသူအား အိမ်ပေါ်မှ အတင်းဆွဲချသွားသည်ဟု ဆိုလျှင် စာဖတ်သူအဖို့ ယုံကြည်ရန် ခဲယဉ်းပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယခုခေတ်တွင် ဘာသာကိုးကွယ်မှုနှင့် ပတ်သက်၍ လွတ်လပ်ခွင့်များစွာ ရရှိကြပြီဖြစ်သောကြောင့်တည်း။

ဤသို့ လွတ်လပ်ခွင့်များ ရရှိနေကြခြင်းမှာ သက်သောင့် သက်သာ အလိုအလျောက် ရရှိခဲ့ကြခြင်း မဟုတ်။ မိမိအိမ်ဦးခန်းတွင် မိမိနှစ်သက်ရာ ဘုရားကို သဒ္ဓါရှိကျိုးစွာ အဆီးအတား အကန့်အကွက်မရှိ ရှိခိုးပူဇော်နိုင်ရေးအတွက် ကမ္ဘာ့သမိုင်း အဆက်ဆက်တွင် လူတို့သည် အမျိုးမျိုး အဖုံဖုံ စွန့်စားဆောင်ရွက်ခဲ့ကြခြင်းကြောင့်သာ ဖြစ်ပေသည်။

ထို့အတူ ဒီမိုကရေစီ၏ ပင်မ အချက်အလက်များဖြစ်သော လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာ တရားစီရင်ခွင့်၊ လွတ်လပ်စွာ မဲပေး၍ လူထုကိုယ်စားလှယ်များကို တင်မြှောက်ခွင့် အစရှိသည်တို့

mgyoe.com

mgyoe.com

မှာလည်း မိုးပေါ်မှ ရုတ်တရက်ချပေးသဖြင့် ရသည်မဟုတ်။ ထိုအခွင့်အရေးများကို နှစ်ကာလ ရှည်ကြာစွာ တိုက်ယူခဲ့ရပေသည်။

ဤသို့ သိရှိရသဖြင့် ကျွန်ုပ်တို့သည် လွတ်လပ်ရေး၊ ဒီမိုကရေစီရေးတို့အတွက် အသက်၊ သွေး၊ ချွေး၊ အိုးအိမ်၊ စည်းစိမ်တို့ကို စွန့်လွှတ်၍ တိုက်ခိုက်ပေးခဲ့သော အာဇာနည်တို့၏ ကျေးဇူးဂုဏ်ကို သတိရရှိ အောက်မေ့နိုင်ပေသည်။ အောက်မေ့နေရုံနှင့်လည်း မပြီး၊ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး တည်းဟူသော အမွေအနှစ်ကြီးကို ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းခဲ့သော အစဉ်အလာကို တာဝန်သိသိ လိုက်နာခြင်း၊ စောင့်ထိန်းခြင်းအားဖြင့် ကျွန်ုပ်တို့၏ သားစဉ်မြေးဆက်တို့ကို အမွေပေးရာ ရောက်ပေမည်။ ဤသို့ အမွေပေးနိုင်အောင်လည်း လွတ်လပ်ရေး၊ ဒီမိုကရေစီရေးတို့ကို အဖိုးတန် ရတနာကြီးအဖြစ် စောင့်ရှောက်ထိန်းသိမ်းရန်နှင့် ၎င်းတို့ကို ပျက်ပြယ်စေရန်လည်းကောင်း၊ လျော့ပါးစေရန်လည်းကောင်း ထိပါးနှောင့်ယှက်မည့် ရန်သူမှန်သမျှကို ရှေးလူတို့နှင့်မခြား သတ္တိရှိရှိ ခုခံကာကွယ်ရင်း စောင့်ရှောက်ထိန်းသိမ်းရန်မှာ ကျွန်ုပ်တို့၏ ရာဇဝင်ပေးတာဝန်ကြီး ဖြစ်ပေတော့သည်။

## ၁။ လွတ်လပ်စွာ ကိုးကွယ်ခွင့်

မိမိတို့နှစ်သက်ရာဘာသာကို ကိုးကွယ်ခွင့် မရသဖြင့် တိုက်ပွဲဆင်ရသော သာဓကများအနက်၊ လွန်ခဲ့သော နှစ်ပေါင်း ၂,၀၀၀ ခန့်က ရောမနိုင်ငံ၌ ဖြစ်ပျက်ခဲ့သည်များမှာ အထူးထင်ရှားပေသည်။

ထိုစဉ်က ရောမဘုရင်များသည် သက်ဦးဆံပိုင် အုပ်ချုပ်ခဲ့ကြ၏။ ရောမဘုရင်တို့၏ အင်ပါယာနိုင်ငံတော်ကြီးမှာ
mgyoe.com

mgyoe.com


လည်း ကြီးမားကျယ်ဝန်းလာသဖြင့် လူတို့၏ တန်ခိုးမှာလည်း အလွန်ထွားခဲ့ကြသည်။

ထိုသို့ တန်ခိုးကြီးမားလာသည့်အလျောက် ရောမ စစ်ဘုရင်ကြီးများသည် မိမိတို့ကိုယ်ကို မိမိတို့ နတ်ဘုရားကြီးများဟု သမုတ်ကြလေသည်။ ထိုစဉ်က ရောမလူမျိုးတို့သည် နတ်သမီး၊ နတ်သားရုပ်တုများကို ကိုးကွယ်လေ့ရှိကြပြီးလျှင် စစ်ဘုရင်ကြီးများကလည်း မိမိတို့၏ရုပ်တုများကို ထိုနတ်သမီး နတ်သားရုပ်တုများနှင့်အတူ တိုင်းသူပြည်သားတို့အား လေးစားကိုးကွယ်စေလိုသည်။

ဟီးဘရူးလူမျိုးများသည် ရောမလူမျိုးတို့၏ နတ်ရုပ်များကိုလည်း မကိုးကွယ်၊ ဘုရင့် ရုပ်တုများကိုလည်း မလေးစားခဲ့ကြသဖြင့် ရောမဘုရင်များ၏ အမျိုးမျိုးညှဉ်းပန်းနှိပ်စက်မှုများကို ခံခဲ့ရလေသည်။

## ခြင်္သေ့စာကျွေးခြင်း

နီရိုးဘုရင်နှင့် ဒိုင်အိုကလီရှန် ဧကရာဇ်ဘုရင်ကြီးများလက်ထက်တွင် ခရစ်ယာန်ဘာသာဝင်တို့အား ကလေးလူကြီးမကျန် ကျားစာကျွေးခြင်း၊ ခြင်္သေ့စာကျွေးခြင်း နည်းမျိုးဖြင့် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခဲ့ကြလေသည်။ ခရစ်ယာန်ဘာသာဝင် ယောကျ်ားမိန်းမ၊ ကလေးတို့ကို ကျား၊ ခြင်္သေ့များက ကိုက်သတ်မျိုဝါးနေသည်ကို ပျော်ပွဲများပမာ မင်းမိဖုရားများက မြိန်ရေရှက်ရေ ကြည့်ရှုတတ်ကြလေသည်။

ခရစ်ယာန်ဘာသာဝင်တို့သည် မိမိတို့၏ ခေါင်းဆောင်ကြီး သခင်ယေရှု၏ ဆုံးမသြဝါဒများကို လိုက်နာကာ နှလုံးရည်တိုက်ပွဲဖြင့် အနိုင်ယူခဲ့ကြသော ပုဂ္ဂိုလ်များ ဖြစ်လေသည်။ သူတို့သည် ခြင်္သေ့၏လှောင်ချိုင့်အတွင်းသို့ ဝင်မည့်အခါ တရားစာများကို သံပြိုင်သီဆိုကြ၏။ တည်ကြည်သော

mgyoe.com

mgyoe.com

မျက်နှာ၊ ခိုင်မာသော စိတ်ထား၊ ကြီးမားသော မေတ္တာတို့ဖြင့် ရဲရင့်စွာပင် လှောင်ချိုင့်အတွင်းသို့ ဝင်ကြလေသည်။ ထိုသူများ၏ အပြုအမူကို မြင်သောအခါ အပြင်မှ ကြည့်ရှုနေသော မင်း၊ မိဖုရားစသည်တို့သည် တုန်လှုပ်၍လာကြ၏။ ကြောက်ရွံ့စေလိုသော ပုဂ္ဂိုလ်များက မကြောက်ရွံ့ဘဲ၊ သူတို့ကိုယ်တိုင် ကြောက်ရွံ့တုန်လှုပ်လာခဲ့ကြသည်မှာ ထိုပုဂ္ဂိုလ်တို့၏ နှလုံးရည်ကြောင့်ပင် ဖြစ်၏။

မိမိတို့ သဘောကျသည့် ဘာသာ အယူဝါဒကို လွတ်လွတ် လပ်လပ် ကိုးကွယ်နိုင်မှုအတွက် ခရစ်တော် မကွယ်လွန်မီကလည်းကောင်း၊ ခရစ်တော် ကွယ်လွန်ပြီးမှလည်းကောင်း သွေးချွေးတို့ဖြင့် ရင်းပြီး တိုက်ခိုက်ယူခဲ့ကြရလေသည်။ ထောင်ပေါင်းများစွာသော ပုဂ္ဂိုလ်တို့သည် မိမိတို့နှင့် ဘာသာ အယူဝါဒ မတူသူများ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ကြရလေသည်။ အရှင်လတ်လတ် မီးသင်္ဂြိုဟ်ခြင်းများကိုလည်း ခံခဲ့ကြရလေသည်။

ဥရောပ နိုင်ငံအသီးသီးတို့တွင် လွန်ခဲ့သည့် နှစ်ပေါင်းလေးရာခန့်က "နိုင်ငံတော်ဘာသာ" ဟု ဘာသာတစ်မျိုးမျိုးကို သတ်မှတ်ထားခဲ့ကြသည်။ ထိုဘာသာ အယူဝါဒကို မလိုက်နာကြသောသူများသည် အမျိုးမျိုးနှိပ်စက် ညှဉ်းပန်းခြင်းကို ခံကြရ၏။ "နိုင်ငံတော်ဘာသာ" ကို မယုံကြည်၊ မကိုးကွယ်သော သူများသည် အစိုးရဌာန အမှုထမ်းအဖြစ်လည်းကောင်း၊ စစ်အမှုထမ်းအဖြစ်လည်းကောင်း ဝင်ရောက် ထမ်းဆောင်နိုင်ခွင့်များ မရရှိခဲ့လေ။

### အနှစ်သုံးဆယ် ဘာသာရေးစစ်ပွဲကြီး

ထိုအချိန်က ဥရောပတိုက်တွင် ဘာသာရေးဂိုဏ်းကြီး နှစ်ဂိုဏ်း ကွဲပြားလျက်ရှိသည်။ အချို့နိုင်ငံများတွင် ကက်သလစ်ဂိုဏ်းခေါ် ဘုရင်ဂျီဘာသာက တန်ခိုးကြီးသည်။ အချို့

mgyoe.com

mgyoe.com


နိုင်ငံများတွင် ပရိုတက်စတင့်ဂိုဏ်းက တန်ခိုးကြီးလေသည်။ စပိန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီတောင်ပိုင်း နိုင်ငံများတွင် ကက်သလစ်များက အင်အားကြီးမားပြီးလျှင် ဟော်လန်၊ ဆွီဒင်၊ ဂျာမနီမြောက်ပိုင်း၊ စကော့တလန်နိုင်ငံများတွင် ပရိုတက်စတင့်ဂိုဏ်းက အင်အားကြီးလေသည်။ ထိုဂိုဏ်းကြီး နှစ်ခု ပဋိပက္ခဖြစ်ခဲ့ကြသည်တွင် ဆိုင်ရာ တိုင်းပြည်များ၌ အာဏာရှိသောအဖွဲ့က အာဏာမဲ့သော အဖွဲ့ကို အမျိုးမျိုး နှိပ်စက်ချုပ်ချယ်ခဲ့ကြလေသည်။

နောက်ဆုံး၌ သာသနာရေး ပဋိပက္ခမှုကို အကြောင်းပြု၍ စစ်ပွဲကြီးပင် ဖြစ်ခဲ့ရလေသည်။ ထိုစစ်ပွဲကြီးသည် ဂျာမနီပြည်မှ စတင်ဖြစ်ပွားခဲ့ရာ နှစ်ပေါင်း သုံးဆယ်တိတိ ကြာမြင့်ခဲ့လေသည်။ ဥရောပတိုက် တစ်တိုက်လုံးနှင့်တကွ အင်္ဂလန်ကျွန်း အပါအဝင် မည်သည့်နိုင်ငံမျှ ဤစစ်နှင့် မလွတ်ကင်းခဲ့ချေ။ စစ်ကြောင့် ရဟန်းရှင်လူ များစွာတို့လည်း သေကျေပျက်စီးခဲ့ကြရလေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ခွင့်တို့ရရှိရန်အတွက် တိုက်ခိုက်လာခဲ့ကြသည့် ခေါင်းဆောင်များအနက် အင်္ဂလန်နိုင်ငံမှ ဝိကလစ်၊ ဂျွန်ဇက်ဗီ၊ ဘန်ယန်ဆိုသည့် ပုဂ္ဂိုလ်များ၊ ဗိုဟီမီယားနိုင်ငံမှ ပါမောက္ခကြီး ဂျွန်ဟတ်စသည့် ပုဂ္ဂိုလ်များသည် ရာဇဝင်တွင် စာတင်လောက်သော ပုဂ္ဂိုလ်များ ဖြစ်လေသည်။

ဝိကလစ်ဆိုသည့် ပုဂ္ဂိုလ်ကား လွတ်လပ်စွာ ကိုးကွယ်ခွင့် ရရှိရေးအတွက် ခေါင်းဆောင်ပြီး တိုက်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်ပေသည်။ သမ္မာကျမ်းစာကို လူအများ နားလည်လွယ်အောင် အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခဲ့သည့် ပုဂ္ဂိုလ်လည်း ဖြစ်သည်။

ဂျွန်ဇက်ဗီမှာ လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို အရေးဆို

mgyoe.com

mgyoe.com
တိုက်ခိုက်သည့်အတွက် မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲခြင်းခံရပြီးနောက် မီးလောင်တိုက်သွင်းခြင်းကို ခံရလေသည်။

ဘန်ယန်ဆိုသည့် ပုဂ္ဂိုလ်မှာလည်း ဘာသာရေး လွတ်လပ်ခွင့်ကို စာအုပ်အမျိုးမျိုးရေးထုတ် တင်ပြခဲ့သည်။ ထောင်တန်းအခါခါကျခဲ့သည်။ ပါမောက္ခကြီးဟတ်သည် ဝိကလစ်၏ နောက်လိုက်တပည့်တစ်ဦး ဖြစ်သည်။ သူလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရရန် တိုက်ခိုက်ခဲ့ရာ မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲခြင်း ခံရပြီးလျှင် ဂျွန်ဗက်ဗ်နည်းတူ မီးလောင်တိုက်သွင်းခြင်းကို ခံခဲ့ရလေသည်။

ယခုဖော်ပြသော ပုဂ္ဂိုလ်များအပြင် အခြားအလားတူ အသက်စွန့်ခဲ့ကြသော ပုဂ္ဂိုလ်များလည်း အများအပြားပင် ရှိခဲ့သေးသည်။ ထိုပုဂ္ဂိုလ်များ၏အသက်ပေးတိုက်ခိုက်မှုကြောင့် နောင်အခါတွင် "ဘာသာရေးနှင့် ပတ်သက်၍ လိုက်လျောမှု ရှိရမည်" ဆိုသော ဝါဒကြီး ပေါ်ပေါက်လာခဲ့သည်။ ဘာသာရေးစစ်ပွဲများလည်း တဖြည်းဖြည်း ပပျောက်လာပြီးလျှင် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ မိမိကြိုက်နှစ်သက်ရာ ဘာသာအယူဝါဒကို ယူနိုင်ခွင့်တို့ ထွန်းကား၍ လာခဲ့လေသည်။

လွတ်လပ်စွာ ကိုးကွယ်ရေးနှင့်ပတ်သက်၍ လှုံ့ဆော်[illegible]ားသားခဲ့သူများအနက် အင်္ဂလန်ပြည်သား ဂျွန်လော့နှင့် ဟော်လန်ပြည်သားဟူဂိုဂရိုးရှပ်တို့လည်း ပါဝင်ခဲ့ပေသည်။ ဂရိုးရှပ်ဆိုသည့် ရှေ့နေကြီးကား ဟော်လန်ပြည်တွင် လွန်ခဲ့သော နှစ်ပေါင်း ၃၅၀ ခန့်က ကိုးကွယ်မှုနှင့် ပတ်သက်၍ နိုင်ငံအစိုးရက မည်သို့မျှ အနှောင့်အယှက် မပေးရဟူသော ဥပဒေထုတ်ရာတွင် ပါဝင်ခဲ့သူ ဖြစ်ပေသည်။

အထက်ဖော်ပြပါအတိုင်း လွတ်လပ်စွာ ကိုးကွယ်ခွင့်အတွက် နှစ်ပေါင်းများစွာ အစဉ်တစိုက်တိုက်ပွဲ ဆင်ခဲ့ကြသောကြောင့်လည်း ယခုခေတ်၌ ဒီမိုကရေစီဝါဒနှင့် ညီညွတ်
mgyoe.com

mgyoe.com



သော အုပ်ချုပ်ပုံ အခြေခံဥပဒေတိုင်း၌ပင် မိမိတို့ နှစ်သက်ရာ အယူဝါဒကို ကိုးကွယ်ခွင့် ရှိစေရမည်ဟုပါရှိသည်။ ဥပမာအားဖြင့် "ပါကစ္စတန် - အစ္စလာမ်သမ္မတနိုင်ငံ" ၏ အခြေခံဥပဒေတွင်ပင် လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို ထည့်သွင်းထားရှိပေသည်။

× × × ×

## ၂။ လွတ်လပ်စွာ ရေးသားဟောပြောခွင့်

လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို ရရှိရန်နှစ်ပေါင်းများစွာ တိုက်ခိုက်ယူခဲ့ရသကဲ့သို့ လွတ်လပ်စွာ ရေးသားဟောပြောခွင့်ကို ရရှိရန်လည်း တစ်ခေတ်ပြီး တစ်ခေတ် အဆင့်ဆင့် တိုက်ယူခဲ့ကြရလေသည်။

ရှေးပဝေဏီအခါက ကမ္ဘာအရပ်ရပ်တွင် ယခုခေတ်ကဲ့သို့ ပါလီမန်များ၊ တရားရုံးတော်များ မရှိခဲ့ချေ။ ဘုရင်များမှာ သက်ဦးဆံပိုင်အရှင်သခင်များသာ ဖြစ်လေသည်။ ဘုရင်၏ မုခပါဌ်တော်သည် ဥပဒေပင် ဖြစ်တော့သည်။ လူတစ်ဦးတစ်ယောက်ကို အနည်းငယ် သံသယ ဖြစ်လျှင် ဘုရင်၏ အမိန့်ဖြင့် ဖမ်းဆီးစေသည်။ ထိုနောက်ဘုရင်ကိုယ်တိုင် ဖြစ်စေ၊ သို့မဟုတ် ဘုရင် အလိုကျ ဖြစ်စေ စီရင်ချက် ချမှတ်တော့သည်။ အယူခံရန်၊ အသနားခံရန် ရုံးတော်များလည်း မရှိပေ။

ထိုခေတ်အခါမျိုးတွင် လွတ်လပ်စွာ ဟောပြောခွင့် ဆိုသည်မှာ အိပ်မက်ပင် မမက်ဝံ့သော ကိစ္စဖြစ်လေသည်။

### ဆိုကရေးတီး

ဥပမာတစ်ခုကို ပြရလျှင် လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင့် သုံးရာကျော်က ဂရိနိုင်ငံ အက်သင်းမြို့တော်မှသုခမိန်ကြီး ဆိုကရေးတီးအကြောင်းပင် ဖြစ်သည်။ ဆိုကရေးတီး

mgyoe.com



ဆိုကရေးတီးသည် အဆိပ်ရည်ကိုသောက်၍ မိမိကိုယ်ကို အဆုံးစီရင်လိုက်ပုံ

သည် လူအများတို့အား 'မိမိတို့ကြားသိသမျှကို မယုံလွယ်ကြနှင့်၊ အကျိုးအကြောင်းကို ဆင်ခြင်၍ ယုံသင့်မှ ယုံကြည်ကြ' ဟူ၍ အမြဲမပြတ်ဟောပြောလေ့ ရှိ၏။ သူသည် အယူအဆလွဲမှား တိမ်းစောင်းနေသော ပုဂ္ဂိုလ်များကို တွေ့ရှိလျှင် သည်းခံ၍ အချိန်ကြာမြင့်စွာ ရှင်းလင်းပြောပြပြီးနောက် အမှန်တရားကို ညွှန်ကြားပြသလေ့ရှိသည်။ ဤသို့ဖြင့် ဆိုကရေးတီးအား ကြည်ညိုလေးစားသူ အများအပြား ပေါ်ထွက်လာခဲ့လေသည်။ အထူးသဖြင့် အမှန်တရားကို လိုလားတောင့်တသော လူငယ်ကလေးတို့သည် သူ၏နောက်မှ တကောက်ကောက်လိုက်ကာ သူ၏တရားကို ကြားနာကြလေသည်။

ဆိုကရေးတီးအား မလိုမုန်းထားသူများနှင့် အချို့သော ကလေးမိဘတို့က ဆိုကရေးတီးသည် ကလေးသူငယ်များအား ပျက်စီးရာ ပျက်စီးကြောင်းကို ဟောပြောညွှန်ကြားသည့်အပြင် နိုင်ငံအတွင်း၌ မှားယွင်းသော အယူဝါဒများကို ဖြန့်ဖြူးနေပါသည်ဟု တရားစွဲဆိုကြလေသည်။

mgyoe.com

mgyoe.com

ဆိုကရေးတီးသည် ခုံသမာဓိ တရားသူကြီးများ ရှေ့မှောက်တွင် အလွန်ချက်ကျ ပိုင်နိုင်သော လျှောက်လဲချက်ကို ပေးခဲ့သည်။ သို့ရာတွင် သူ၏ လျှောက်လဲချက်များသည် သူ့အား မကယ်ဆယ်နိုင်လေ။ တရားသူကြီးများက အပြစ်ထင်ရှားသည်ဟု ဆိုကာ မိမိကိုယ်ကိုယ် မိမိ သတ်သေရန် အမိန့်ချမှတ်လိုက်သည်။ သုခမိန်ကြီးသည် မိတ်ဆွေ သင်္ဂဟများနှင့် ပြုံးပြုံးရွှင်ရွှင်စကားဆွေးနွေးနေပြီးနောက် အလွန်ပြင်းထန်သော အဆိပ်ရည်ကို ရဲရင့်စွာ သောက်မျိုလျက် မိမိကိုယ်ကိုယ် အဆုံးစီရင်လိုက်လေသည်။

ဆိုကရေးတီး အသက်စွန့်လွှတ်ခဲ့သော အချိန်၏ နောက်ပိုင်းတွင် ဟောပြောခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့် အစရှိသော အခြေခံ လူ့အခွင့်အရေးများကို ရရှိအောင် ကမ္ဘာ့ရာဇဝင်တစ်လျှောက်လုံးတွင် တိုက်ပွဲအမျိုးမျိုးများ ဆင်နွှဲ၍ အရယူခဲ့ကြရလေသည်။

### ပါလီမန်အတွင်း၌ပင် မလွတ်လပ်

ပါလီမန်နှင့် ဘုရင်တို့ အပြိုင်အဆိုင် အာဏာလုနေသော ခေတ်အခါက ပါလီမန်အပြင်ဘက်တွင် မဆိုထားဘိ၊ ပါလီမန်အတွင်း၌ပင် ယခုခေတ်ကဲ့သို့ လွတ်လွတ်လပ်လပ် ပြောဆိုခွင့်များ မရရှိလေ။ အင်္ဂလိပ်ပါလီမန်တွင် ပထမဆုံး လွှတ်တော်ဥက္ကဋ္ဌအဖြစ် ခရစ်နှစ် ၁၅၂၃ ခုတွင် သောမတ်မိုး ဆိုသူ ပုဂ္ဂိုလ်ကို ရွေးချယ်ခဲ့လေသည်။ သောမတ်မိုးသည် ပါလီမန်မစမီ ပါလီမန်တွင်း၌ လွတ်လွတ်လပ်လပ် ပြောခွင့်ပြုပါရန် ဘုရင်မင်းမြတ်အား ပန်ကြားရလေသည်။ သို့ရာတွင် ထိုခေတ်အခါက ခိုင်ခိုင်မာမာ ခွင့်ပြုချက်များကား မရရှိခဲ့ကြလေ။

ဆာသောမတ်ယန်း၊ ဆာဂျွန်အလီယွတ်၊ ဒင်ဇီးဟိုလစ်၊ ဘင်ဂျာမင် ဗယ်လင်တိုင်း အစရှိသော ပါလီမန် အမတ်များ

mgyoe.com

သည် ပါလီမန်ထဲတွင် ဝေဖန်ပြောဟောမှုတို့ကြောင့် အစိုးရက ချုပ်နှောင်ခြင်းဒဏ်ငွေရိုက်ခြင်းများကို ခံခဲ့ကြရလေသည်။ ထိုပုဂ္ဂိုလ်များကို အပြစ်မှ ကင်းလွတ်ရန် ပါလီမန်ကပင် ပြင်းပြင်းထန်ထန် အရေးဆိုကာ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြရလေသည်။

## လိုင်စင်ရှိမှ ပုံနှိပ်နိုင်ပုံ

ပါလီမန် လွှတ်တော်တွင်း၌ အမတ်များက ပြည်သူ့အခွင့်အရေးများကို တိုက်ခိုက်ယူဆဲအချိန်တွင် ပြည်သူအများကလည်း အပြင်မှ နေ၍ မိမိတို့ အခွင့်အရေးများကို တိုက်ခိုက် ယူကြရလေသည်။ လွတ်လပ်စွာ ဟောပြောခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ အယူခံဝင်နိုင်ခွင့်များအတွက် တိုက်ခိုက်ကြသူများအနက်တွေကား အဖွဲ့ဝင်ဝီလျံပင်း။ ကင်တာဗာရီအရပ်မှ ဂိုဏ်းအုပ် ဘုန်းတော်ကြီးနှင့် အခြားဘုန်းတော်ကြီးခြောက်ဦး၊ သတင်းစာဆရာဝီခ်၊ အမတ် အက်မန်းဗတ်၊ သောမတ်ပိန်း စသော ပုဂ္ဂိုလ်များသည် ရှေ့ဆောင်ပုဂ္ဂိုလ်များ ဖြစ်လေသည်။ အင်္ဂလန်နိုင်ငံတွင် ပုံနှိပ်စက်များပေါ်စအချိန်က အကြောင်းအရာတစ်ခုခုကို ပုံနှိပ်ရိုက်ဝေရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ပေ။ ပုံနှိပ်တိုက်များကိုလည်း နေရာတိုင်းတွင် တည်ထောင်ခွင့် မပြုပေ။ ပုံနှိပ်ထုတ်ဝေမည် ဆိုလျှင် ရှေဦးစွာ လိုင်စင်ယူရလေသည်။ လိုင်စင်မရှိဘဲ ထုတ်ဝေသူများကို ကြီးလေးသော ဒဏ်ငွေများ ရိုက်လေသည်။

မဂ္ဂဇင်း၊ ဂျာနယ်နှင့် သာမန်စာအုပ်ကလေးများ ထုတ်ဝေရန်ကိုလည်း လိုင်စင်ယူရ၏။ ထိုမှတစ်ပါး ဆင်ဆာစနစ်အရ စစ်ဆေးဖြတ်တောက်ခြင်းများကိုလည်း ခံရလေသည်။

mgyoe.com

mgyoe.

### မတရားတံဆိပ်တော်ခွန်

၁၆၉၃ ခုနှစ်တွင် ထိုဥပဒေများကို ပယ်ဖျက်လိုက်ပြန်သော်လည်း တံဆိပ်တော်ခွန် ဆိုသည့် ဥပဒေပေါ်လာပြန်သည်။ ဤဥပဒေအရ ထုတ်ဝေမည့် စာနယ်ဇင်းနှင့် သာမန်စာအုပ်ငယ်ကလေးများအပေါ်၌ ကြီးလေးစွာ အခွန်ကောက်ခံပြန်သဖြင့် သွယ်ဝိုက်သောနည်းဖြင့် ရေးသားထုတ်ဝေသူတို့အား ဖိနှိပ်ရာ ရောက်လေသည်။

ပုံနှိပ်ထုတ်ဝေသူများနှင့် စာရေးသူများ ရင်ဆိုင်ရသော အခြားအခက်အခဲတစ်ခု ရှိပြန်သေး၏။ ၎င်းအခက်အခဲမှာ အကြောင်းမှန်တစ်ခုကို အများပြည်သူ အကျိုးအတွက် ရေးသားတင်ပြစေကာမူ အသရေဖျက်မှုဖြင့် တရားစွဲခံရခြင်း၊ အပြစ်အပေးခံရခြင်းတို့ ဖြစ်၏။ ပြည်သူ့အကျိုးအတွက် ရေးသားဖော်ပြရာတွင် တစ်စုံတစ်ယောက်အား မရည်ရွယ်ဘဲနှင့် ထိခိုက်နစ်နာစေသော်လည်း ရေးပိုင်ခွင့်ရှိသည် ဆိုသော အခွင့်အရေးမှာ နှစ်ပေါင်းများစွာ တိုက်ယူမှ ရရှိသော အခွင့်အရေးဖြစ်ပေသည်။

အမေရိကန်နိုင်ငံတွင် လွတ်လပ်စွာ ရေးသားခွင့်ရရှိရန်အတွက် တိုက်ခိုက်ယူရသော တိုက်ပွဲများအနက် အောက်ပါအဖြစ်အပျက်ကလေးမှာ မှတ်သားစရာ ကောင်းလှသည်။

### ဘုရင်ခံဆိုး

၁၇၃၂ ခုနှစ်ခန့်က နယူးယောက်ပြည်နယ်သို့ ဝီလျံကော့စဗီဆိုသော အင်္ဂလိပ်ဘုရင်ခံတစ်ဦး ရောက်ရှိလာသည်။ ၎င်းဘုရင်ခံသည် အလွန် ဆိုးသွမ်းသော ပုဂ္ဂိုလ်ဖြစ်၏။ နယ်သူနယ်သားများထံမှ အကြောင်းအမျိုးမျိုးပြ၍ ငွေများကောက်ခံ၏။ ပုဂ္ဂိုလ်များကို အကြောင်းအမျိုးမျိုးရှာ၍ ဖမ်းဆီး၏။ ထိုနောက် လာဘ်သပ်ပကာ ရရှိသောအခါမှ လွှတ်၍ပစ်၏။ သူ့အလိုနှင့် ဆန့်ကျင်၍ တရားစီရင်သောတရားသူ

mgyoe.com

mgyoe.com

ကြီးများကိုလည်း အလုပ်ဖြုတ်၍ပစ်၏။ ထိုအချိန်က နယူး ယောက်နယ်တွင် သတင်းစာတစ်စောင်သာ ရှိလေသည်။ ၎င်းသတင်းစာသည် ဘုရင်ခံသဘောကျသော သတင်းများ ကိုသာ ရေးသားရလေသည်။

နောက်များမကြာမီ ပီတာဇင်းဂါး ဆိုသူကြီးမှူး ထုတ်ဝေသော နယူးယောက် သတင်းစဉ် ဆိုသော ဂျာနယ် တစ်ခု ပေါ်ပေါက်လာလေသည်။

ဖွင့်ချပြီ

တစ်ခါသော် ပီတာဇင်းဂါးသည် ဘုရင်ခံ ကော့စဗီ၏ အပြုအမူများကို ကာရန်စပ်ကလေးများဖြင့် ရေး၍ သူ့ ဂျာနယ်တွင် ဖော်ပြလိုက်လေသည်။ ဘုရင်ခံကော့စဗီသည် ဆတ်ဆတ်ခါအောင် နာလှသဖြင့် နယူးယောက်ပြည်နယ် တွင် အစဉ်အလာဖွဲ့စည်းထားသော ဂျူရီလူကြီးအဖွဲ့အား ပီတာဇင်းဂါးကို တရားစွဲဆိုရန် တိုက်တွန်းလေသည်။ ဂျူရီ လူကြီးများက သူတိုက်တွန်းသည့်အတိုင်း မစွဲသည့်အခါ ဇင်းဂါးကို သူ့အမိန့်ဖြင့် ဖမ်းပြီးနောက် ချုပ်နှောင်ထားလိုက် လေသည်။ ဇင်းဂါးအား လပေါင်းများစွာ ချုပ်နှောင်ထားပြီးမှ ရုံးတင်စစ်ဆေးလေသည်။

ဇင်းဂါးဘက်မှ နယူးယောက်ပြည်နယ်ရှိ အတော်ဆုံး ရှေ့နေနှစ်ဦးကလိုက်ပါ ဆောင်ရွက်ကြသည်။ ထိုရှေ့နေများ သည် တရားသူကြီးနှင့် အချေအတင် ပြောကြရာတွင် တရား သူကြီးက သူတို့အား မနှစ်မြို့သဖြင့် ရှေ့နေလိုက်ခွင့် လိုင်စင် ကိုပင် သိမ်းလိုက်လေသည်။ သို့အတွက် ဇင်းဂါးဘက်မှ လိုက် ပါ ဆောင်ရွက်မည့် ရှေ့နေများ မရှိသလောက် ဖြစ်နေပေ တော့သည်။

mgyoe.com

mgyoe.com

## ရဲရင့်သောရှေ့နေနှင့် ရဲရင့်သော ဂျူရီ

နောက်ဆုံးတွင် ဖိလဒယ်ဖီးယားနယ်မှ အသက်ရှစ်ဆယ်ခန့်ရှိ အင်ဒရူး ဟမ်မီလ်တန်ဆိုသူ ရှေ့နေကြီးက သူ့ဘက်မှ လိုက်ပါဆောင်ရွက်လေသည်။ ဟမ်မီလ်တန်က လွတ်လပ်စွာ ရေးသားခွင့်သည် လူတိုင်း လူတိုင်း၏ ရသင့်ရထိုက်သော အခွင့်အရေးဖြစ်နိုင်ကြောင်း၊ အမှန်ကို ရေးသားခြင်းသည် အသရေဖျက်မှု မဖြစ်နိုင်ကြောင်း၊ ဤကိစ္စသည် အချုပ်ခံနေရသော ဇင်းဂါး တစ်ဦးတည်းနှင့်သာ ဆိုင်သော ကိစ္စမဟုတ်ကြောင်း၊ အမေရိကန်နိုင်ငံတွင်းရှိ လူတိုင်း လူတိုင်းနှင့် သက်ဆိုင်ကြောင်း၊ ဂျူရီ လူကြီးများက အမှန်ကိုသာ ရဲရဲဝံ့ဝံ့ အဆုံးအဖြတ်ပေးကြပါ စသည်ဖြင့် လျှောက်လဲပြောဆိုလေသည်။

ဂျူရီလူကြီးများသည် မှန်ရာကို ရဲရဲဝံ့ဝံ့ဆုံးဖြတ်ချက်ပေးရဲသူများဖြစ်သဖြင့် ဇင်းဂါးတွင် အပြစ်မရှိဟု တညီတညွတ်တည်း ဆုံးဖြတ်ချက် ချမှတ်ကြလေသည်။ ဇင်းဂါးအား အပြစ်ပေးလိုသော တရားသူကြီးမှာလည်း မည်သို့မျှ မတတ်နိုင်ဘဲ ရှိနေပေတော့သည်။

## နိုင်ငံရေးပါရဂူကြီးများ အမြင်

လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ ဆွေးနွေးခွင့်၊ လွတ်လပ်စွာ ဟောပြောခွင့်များနှင့် စပ်လျဉ်း၍ ထိုအခွင့်အရေးများကို တိုက်ယူရန် လှုံ့ဆော်သော စာအုပ်စာတမ်းများကို ဂျွန်လောက်၊ ဗောတဲယား၊ ရုဆူး၊ သောမတ်ပိန်း၊ ဂျွန်စတူးဝပ်မီလ် စသော ပုဂ္ဂိုလ်ကြီးများက ရေးသားခဲ့ကြပေသည်။

လောက၌ လူတိုင်းလူတိုင်းသည် အခြားသူတစ်စုံတစ်ယောက်အား မထိခိုက်စေသမျှ ကာလပတ်လုံး မိမိစိတ်ကြိုက်အတိုင်း ပြောနိုင်ခွင့်၊ ဆိုနိုင်ခွင့်၊ လုပ်ကိုင်နိုင်ခွင့်များ ရှိသည်

mgyoe.com

mgyoe.com


ဟု ထိုပုဂ္ဂိုလ်ကြီးများက တညီတညွတ်တည်း ဆိုကြလေသည်။ မိမိစိတ်တွင်းမှ ဖြစ်ပေါ်ခံစားရသော အချက်ကို လွတ်လွတ် လပ်လပ်ထုတ်ဖော်ပြသခွင့်ဆိုသည့် အခွင့်အရေးမှာ အမိဝမ်းမှ ကျွတ်စဉ်ကပင် ပါလာသော သဘာဝအခွင့်အရေး ဖြစ်သည်ဟုလည်း ဆိုကြလေသည်။

## လူ့ယဉ်ကျေးမှု အကျိုးပြုရန်

ယဉ်ကျေးသော လူ့အဆောက်အအုံ၊ လူ့အဖွဲ့အစည်းများတွင် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ရရှိရန် အထူးအရေးကြီးပေသည်။ ထိုအခွင့်အရေးမျိုးရှိမှသာ စာပေပညာများကို ပျော်ရွှင်စွာ လေ့လာနိုင်ခြင်း၊ ကြံဆနိုင်ခြင်း၊ တိုးတက်ဆန်းသစ်သော ပညာရပ်များကို ရှာဖွေ စမ်းသပ်နိုင်ရန် လမ်းစပွင့်ခြင်း၊ စသော လူ့ယဉ်ကျေးမှု အကျိုးပြုလုပ်ငန်းများကို လုပ်နိုင်ပေမည်။

ဒီမိုကရေစီဝါဒကို သက်ဝင်ယုံကြည်သော နိုင်ငံများတွင် လွတ်လပ်စွာရေးသားခြင်း ဟောပြောခြင်း အခွင့်အရေးများ ရရှိရန် အထူးအရေးကြီးပေသည်။ သို့မှသာ လူထုက တင်မြှောက်ထားသော အစိုးရအဖွဲ့၏လုပ်ငန်းများကို ဝေဖန်နိုင်ခြင်း၊ အုပ်ချုပ်ရေးဌာန၏ လုပ်ပုံကိုင်ပုံများကို ပါလီမန်နှင့် လူထုက မျက်ခြည်မပြတ် စောင့်ကြပ် ကြည့်ရှုနိုင်ခြင်း၊ အချိန်မီပြုပြင်လိုက ပြုပြင်နိုင်ခြင်းများကို ဆောင်ရွက်နိုင်ပေမည်။

## ဒီမိုကရေစီ ဆိတ်သုဉ်းသော နိုင်ငံ

လွတ်လွတ်လပ်လပ်ပြောဆိုခွင့် မရှိ၊ ရေးသားခွင့် မရှိသော နိုင်ငံသည် ဒီမိုကရေစီ ဆိတ်သုဉ်းခြင်း၏ အရိပ်လက္ခဏာကို ပြနေပေသည်။ ဂျာမနီနိုင်ငံတွင် ဟစ်တလာ အစိုးရ အာဏာရှိစဉ်ကလည်းကောင်း၊ အီတလီနိုင်ငံတွင်

mgyoe.com

mgyoe.


မူဆိုလီနီ အစိုးရအာဏာရှိနေစဉ်ကလည်းကောင်း၊ ပြည်သူ ပြည်သားတို့မှာ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်များ မရရှိကြသဖြင့် မူလအခြေခံ အခွင့်အရေးများ ဆုံးရှုံးခဲ့ရရှာလေသည်။ ထို့အတူ မြန်မာနိုင်ငံတွင် ဂျပန်စစ်အစိုးရများ အုပ်ချုပ်စဉ်ကလည်း လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့် လုံးဝ မရရှိခဲ့သည်ကို လူတိုင်းအသိပင် ဖြစ်တော့သည်။

× × × ×

## ၃။ လွတ်လပ်စွာ စည်းဝေးခွင့်နှင့် စည်းရုံးခွင့်

လွတ်လပ်စွာ ဟောပြောခွင့် ရေးသားခွင့်များနှင့်အတူ လွတ်လပ်စွာ အစည်းအဝေး ကျင်းပခွင့် စည်းရုံးခွင့်များကို ရရှိရန်လည်း လိုပေသည်။ လွတ်လပ်စွာ စည်းဝေးခွင့် ဆွေးနွေးခွင့်များ ရရှိခြင်းအားဖြင့် ပြည်သူလူထုသည် နိုင်ငံတွင်း၌ ဖြစ်ပေါ်နေသော ပြဿနာအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ အမှား



ဒီမိုကရေစီနိုင်ငံ၌ မဲဆန္ဒပေးခြင်းဖြင့်သာ အစိုးရကို လူထုက တင်မြှောက်ကြ၏။

mgyoe.com

mgyoe.com


အမှန်ကို ဝေဖန် ဆုံးဖြတ်နိုင်လေသည်။ နိုင်ငံအစိုးရကလည်း ပြည်သူတို့၏ဆန္ဒကို သိနိုင်ပေလိမ့်မည်။

ပါလီမန်နှင့် အုပ်ချုပ်သော နိုင်ငံများတွင် လူအများ စုပေါင်းဆွေးနွေးခြင်း၊ စည်းဝေးခြင်း စသော အခွင့်အရေး မျိုးရှိမှသာလျှင် ဒီမိုကရေစီဝါဒ၏ ရည်ရွယ်ချက်နှင့် ကိုက်ညီ ပေမည်။ မဲဆန္ဒရှင်များသည် မိမိနယ်မှ စေလွှတ်မည့် ကိုယ် စားလှယ်အား စုပေါင်းအကြံဉာဏ်ပေးခြင်း၊ အများဆန္ဒအရ စေခိုင်းခြင်းများကို ပြုလုပ်နိုင်ပေသည်။ ထို့အတူ မိမိမဲဆန္ဒ နယ်မှ စေလွှတ်ထားသော ကိုယ်စားလှယ်၏ ဆောင်ရွက်ချက် များကို ဝေဖန်ဆွေးနွေးနိုင်ပေသည်။

### အဖွဲ့အစည်းနှင့် နေတတ်သော သတ္တဝါ

လူသည် အဖွဲ့အစည်းနှင့် နေတတ်သော သတ္တဝါများ ဖြစ်သဖြင့် ပင်ကိုဇာတိအားဖြင့် အသင်းအပင်းနှင့် နေ ထိုင်လိုသော ဆန္ဒရှိပေသည်။ ထို့ကြောင့် အသင်းအပင်း ဖွဲ့စည်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို လူ့သမိုင်း တစ် လျှောက်လုံးတွင် တွေ့နိုင်ပေသည်။

ထိုအစဉ်အလာကို လိုက်လျောသောအားဖြင့် ယဉ် ကျေးသော နိုင်ငံတိုင်းတွင် အသင်းအပင်းများဖွဲ့စည်းခြင်း၊ လွတ်လပ်စွာ ဆွေးနွေးစည်းဝေးခြင်းများကို ခွင့်ပြုထားကြ လေသည်။ သိပ္ပံပညာများ ထွန်းကားလာပြီးသည့်နောက် ကုန် ပစ္စည်းများကို စက်ရုံ အလုပ်ရုံများက ထုတ်လုပ်လာခဲ့သည့် အချိန်မှစ၍ အလုပ်သမား သမဂ္ဂများ၊ စီးပွားကုန်သွယ်ရေး အဖွဲ့အစည်းများသည် ထင်ရှားလာလေသည်။ ၁၈၂၅ ခုနှစ် ၏ ရှေ့ပိုင်းကမူ အလုပ်သမားသမဂ္ဂများကို တရားဝင်သော အသင်းများအနေဖြင့် အသိအမှတ် မပြုခဲ့ကြချေ။

mgyoe.com

mgyoe.com

အခွင့်အရေး အပြည့်အဝပေးသော နိုင်ငံ

နိုင်ငံများစွာတို့သည် လွတ်လပ်စွာ ရေးသားခွင့် ဆွေးနွေးခွင့် လွတ်လပ်စွာ တွေးတောကြံဆခွင့် စသော မူလအခွင့်အရေးများကို အရေးဆိုတိုက်ခိုက်ကြရာတွင် အင်္ဂလန်နိုင်ငံကို အတုယူ၍ ဆောင်ရွက်ကြလေသည်။ သို့သော်ငြားလည်း အင်္ဂလန်နိုင်ငံ အုပ်ချုပ်ရေး ဥပဒေများတွင် ထိုအခွင့်အရေးများကို ပေးပါမည်ဟု တစ်လုံးတပါဒမျှ ထည့်သွင်းထားခြင်း မရှိပေ။ ဤသို့ ထည့်သွင်းရေးသားထားခြင်း မရှိသောကြောင့် ထိုနိုင်ငံသားတို့သည် အဆိုပါအခွင့်အရေးများ ဆုံးရှုံးနေပြီဟု မမှတ်ယူသင့်ပေ။ အင်္ဂလန်နိုင်ငံ၌ အုပ်ချုပ်ရေး ဥပဒေများတွင် ထည့်သွင်းရေးသားထားခြင်း မရှိသော်လည်း ထုံးတမ်း အစဉ်အလာအားဖြင့်လည်းကောင်း၊ တရားရုံးတော်များ၏စီရင်ထုံးများကို အစဉ်တစိုက် လေးစားလိုက်နာခြင်းဖြင့်လည်းကောင်း နိုင်ငံသားတို့သည် လွတ်လပ်မှု မူလအခွင့်အရေးများကို ပြည့်ဝစွာ ခံစား ရရှိနိုင်ကြလေသည်။

သူတပါးကို မထိခိုက်စေရ

ထိုကြောင့် ဒိုက်ဆီဆိုသူ နိုင်ငံရေး ပါရဂူကြီးက အင်္ဂလန် နိုင်ငံတွင် လူတစ်စုံတစ်ယောက်သည် အခြားသူတစ်ဦး၏ လုံခြုံမှုကိုလည်းကောင်း၊ လွတ်လပ်မှုကိုလည်းကောင်း၊ ဂုဏ်ဒြပ်ကိုလည်းကောင်း မထိခိုက်သမျှ ကာလပတ်လုံး မိမိသဘောအတိုင်း ပြောနိုင် ရေးနိုင်သည်ဟု ဆိုခဲ့လေသည်။

အင်္ဂလန်နိုင်ငံတွင် အစိုးရကို အကြည်ညိုပျက်စေရန် ရေးသားဟောပြောသော အမှုနှင့် အသရေဖျက်မှု၊ ရန့်ရင်းကြမ်းတမ်းစွာ ဟောပြောမှု စသည်များကို ဂျူရီလူကြီး ဆယ့်နှစ်ဦးနှင့် တိုင်ပင်၍ စစ်ဆေးလေ့ရှိသည်။ ဂျူရီလူကြီးများက အပြစ်ရှိသည်ဟု ဆိုမှ အပြစ်ပေးလေ့ရှိသည်။

mgyoe.com

mgyoe.com

ထိုကြောင့် အင်္ဂလန်နိုင်ငံတွင် ပြောဆိုရေးသားမှု လွတ်လပ်ခွင့်နှင့် စပ်လျဉ်း၍ "လူတစ်ယောက်သည် အရပ်သား ၁၂ ဦးက အပြစ်ရှိသည်ဟု မယူဆလျှင် သူ ထင်သလို ပြောနိုင် ရေးနိုင်သည်။" ဟူ၍ ပြောဆိုလေ့ရှိသည်။

## ဘေးမဲ့ဥယျာဉ် တရားပွဲ

လူထု အစည်းအဝေးကျင်းပခွင့်ကိုလည်း အင်္ဂလန်နိုင်ငံ အုပ်ချုပ်ရေးဥပဒေများတွင် ရေးသားဖော်ပြထားခြင်း မရှိပေ။ သို့ရာတွင် အထက်ဖော်ပြခဲ့သည့်အတိုင်း တစ်စုံတစ်ယောက်သည် လူတစ်ဦးတည်းအားလည်းကောင်း၊ လူအများအားလည်းကောင်း မိမိ၏ အခွင့်အရေးနှင့်အညီ ဟောပြောနိုင်လေသည်။



လန်ဒန်မြို့ ဟိုက်ပတ်ဥယျာဉ်တွင် လွတ်လွတ်လပ်လပ်
တရားဟောနေသော ပုဂ္ဂိုလ်တစ်ဦး

လန်ဒန်မြို့ ဟိုက်ပတ်ဥယျာဉ်မှ ဘေးမဲ့တရားပွဲများ အကြောင်းကို ကြားဖူးကြပေလိမ့်မည်။ ထိုဥယျာဉ်ထဲတွင် အားလပ်ရက်တိုင်း မိမိတို့ စိတ်တွင် ရှိသမျှကို ထုတ်ဖော် ဟောပြောနေသော တရားဟော ဆရာများကို တွေ့ရပေမည်။

mgyoe.com

mgyoe.com


ထိုတရားပွဲများကို အရှုန်းအသော တရားပွဲများဟုသာ သဘောထားသဖြင့် သာမန် နှုတ်လွှန်မှုများကို တရားစွဲဆိုလေ့ မရှိချေ။ မြန်မာနိုင်ငံတွင် သင်္ကြန်အတွင်း သံချပ်ထိုးပုံမျိုးနှင့် တူလှပေသည်။

ဟိုက်ပတ်ထဲတွင် ထိုမျှ လွတ်လွတ်လပ်လပ် တရားပွဲများ ကျင်းပခွင့် ရရှိနေသည်မှာလည်း ဥပဒေအရ သတ်မှတ်ပေးထားခြင်း မဟုတ်ပေ။ အစဉ်အလာတစ်ရပ်အနေဖြင့် ခွင့်လွှတ်ထားခြင်း ဖြစ်သည်။ ထိုအစဉ်အလာ ပေါ်ပေါက်လာပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

လွန်ခဲ့သည့် နှစ်ပေါင်း ၉၀ ခန့် (၁၈၆၆ ခု) က အင်္ဂလန်နိုင်ငံ ပါလီမန်ကို ပြုပြင်ပြောင်းလဲလိုသော လူတစ်စု ရှိခဲ့၏။ ထိုသူတို့ကို ပြုပြင်ရေးသမားများဟု ခေါ်၍ သူတို့၏ အဖွဲ့အစည်းကို ပြုပြင်ရေးအဖွဲ့ဟု ခေါ်၏။

## ရဲနှင့် ပဋိပက္ခဖြစ်ခြင်း

တစ်နေ့သ၌ ပြုပြင်ရေးအဖွဲ့ဝင်များသည် ဟိုက်ပတ်ဥယျာဉ်ကြီးအတွင်း၌ လူထုအစည်းအဝေးကြီးတစ်ခု ကျင်းပရန် ကြိုးစားလေသည်။ ထိုအခါ ရဲများက အစည်းအဝေးမကျင်းပနိုင်ရန် ဥယျာဉ်တံခါးများကို ပိတ်ထားလိုက်လေသည်။

အဖွဲ့ဝင်များသည် ဟိုက်ပတ်ဥယျာဉ်တွင် အစည်းအဝေး မလုပ်တော့ဘဲ ထရက်ဖလ်ဂါစကွဲယားခေါ် အခြားနေရာတစ်ခုသို့ သွားရောက်၍ အစည်းအဝေး ကျင်းပကြလေသည်။ သို့ရာတွင် မကျေမနပ် ဖြစ်နေသောလူထုကြီးသည် ဟိုက်ပတ်ဥယျာဉ်၏ တံခါးများ၊ ခြံစည်းရိုးများကို ချိုးဖဲ့ ဖျက်ဆီးပစ်ကြလေသည်။

သို့ဖြင့် ရဲအဖွဲ့နှင့် လူထု ပဋိပက္ခ ဖြစ်ပွားကြရာ နှစ်ရက်မျှ ကြာလေသည်။ နောက်ဆုံး၌ ဆိုင်ရာ အာဏာပိုင်များက

mgyoe.com

mgyoe.com

ဟိုက်ပတ်ဥယျာဉ်ထဲတွင် "ပြုပြင် ပြောင်းလဲရေးသမားတို့၏ သစ်ပင်" ဟု သစ်ပင်တစ်ပင်ကို သတ်မှတ်ပေးထားလေ သည်။ ထိုသစ်ပင်၏ ကိုက်လေးဆယ် ပတ်လည်တွင် လွတ် လွတ် လပ်လပ်၊ ပြောဆိုခွင့်ကို ပေးထားလေသည်။

ဥယျာဉ်တရားပွဲများကို ထိုအပင်ရိပ်မှ တဖြည်းဖြည်း နေရာတိုးချဲ့ ပြောင်းရွှေ့လာခဲ့ကြရာ ယခုအခါ ဟိုက်ပတ် ဥယျာဉ်တစ်ခုလုံး နေရာအနှံ့အပြား၌ပင် ဟောပြောလျက် ရှိ ကြပေသည်။

စီတန်းလမ်းလျှောက်ခြင်းနှင့် ပတ်သက်၍လည်း မတရား အစည်းအဝေးမျိုး မဟုတ်လျှင် သာမန်အားဖြင့် မင်းလမ်းမများပေါ်တွင် စီတန်းလမ်းလျှောက်ခွင့် ရှိပေသည်။

တရားသော ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်သည့် စီတန်းလှည့်လည်ပွဲကို အာဏာပိုင်များက ပိတ်ပင်ခွင့် မရှိချေ။ ဤကိစ္စနှင့် ပတ်သက်၍မှတ်သားဖွယ်ကောင်းသော ၁၈၈၂ ခုနှစ် စီရင်ထုံးတစ်ခုကို တင်ပြလိုပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၈၀ ခန့် (မြန်မာနိုင်ငံတွင် သီပေါမင်း ပါခါနီးနှစ်) တွင် အင်္ဂလန်ပြည်၌ ကယ်တင်ခြင်း တပ်ခေါ် သာသနာပြုတပ်ဖွဲ့တစ်ဖွဲ့သည် တရားဥပဒေနှင့် ဆန့် ကျင်ခြင်းမရှိဘဲ စီတန်းလှည့်လည်ပွဲတစ်ခုကို ကျင်းပလေ သည်။ ထိုအဖွဲ့နှင့် ဆန့်ကျင်ဘက်ဖြစ်သော စကယ်လတန် စစ်တပ် (ဝါ) အရိုးစု စစ်တပ်ဟု နာမည် ယူထားသည့် အတိုက်အခံအဖွဲ့သည် ကယ်တင်ခြင်းတပ် လှည့်လည်တိုင်း လိုက်၍ လှည့်လည်ပြီးလျှင် အနှောင့်အယှက် ပေးလေ့ရှိ၏။

ယခုအကြိမ်တွင် အရိုးစု တပ်အဖွဲ့က မုချအမှန် အနှောင့်အယှက်ပြုမည်ဖြစ်သဖြင့် ရပ်ရွာငြိမ်ဝပ်ပိပြား ရေးကို ထိခိုက်လိမ့်မည်ဟု ရဲအရာရှိများနှင့် သူကောင်းပြု တရားသူကြီးများက ယူဆလေသည်။ ထိုကြောင့် ကယ်တင် ခြင်း တပ်ဖွဲ့ကို စီတန်းလှည့်လည်ခြင်း မပြုရန် ဟန့်တားလေ
mgyoe.com

mgyoe.com


သည်။ ထိုအမိန့်ကို မနာခံသဖြင့် ကယ်တင်ခြင်းတပ်မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိတိအား ဖမ်းဆီးချုပ်နှောင်လိုက်လေသည်။

ဗိတိက အထက်ရုံးတွင် အယူခံဝင်လေရာ အထက် ရုံးတော်က အမိန့်ချမှတ်သည်မှာ ကယ်တင်ခြင်း တပ်သည် တရားဥပဒေဘောင်တွင်းမှနေ၍ ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့် စုရုံးလှည့်လည်ခွင့် ရှိသည်။ တရားသဖြင့် စုရုံးလှည့်လည်သော အဖွဲ့ကို မတရားသော ရည်ရွယ်ချက်ဖြင့် နှောင့်ယှက်ဖျက်ဆီးသည့် အခြားအဖွဲ့ကို အကြောင်းပြု၍ ပိတ်ပင်ခြင်းငှာ မသင့်ဟု စီရင်ချက် ချမှတ်ခဲ့လေသည်။

## ရန်ကုန်ပုလိပ်မင်းကြီးနှင့် ပုဒ်မ ၁၄၄

၁၉၃၉ ခုနှစ် တစ်ချိန်က ရန်ကုန် ပုလိပ်မင်းကြီးသည် မြို့တွင်း၌ ပုဒ်မ ၁၄၄ အရ စီတန်းလှည့်လည်ခြင်းများ မပြုရဟူသော အမိန့်ထုတ်လေသည်။ ငြိမ်ဝပ်ပိပြားရေးကို ဖျက်ဆီးမည့် အရိပ်နိမိတ်လက္ခဏာများ မရှိပါဘဲလျက် ထိုအမိန့်ကို ထုတ်ရပါမည်လောဟု သခင်အောင်ဇလ ဆိုသူက ရန်ကုန်ပုလိပ်မင်းကြီးကို တရားစွဲလေသည်။ ထိုအမှုတွင် ရန်ကုန် အရေးပိုင်က သခင် အောင်ဇလအား အနိုင်ပေးခဲ့ဖူး၏။

အမေရိကန်နိုင်ငံ အုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြည်သူလူထု၏ မူလအခွင့်အရေးများကို အာမခံထားရုံမျှမက အမေရိကန်ကွန်ဂရက် (လွှတ်တော်) သည် နိုင်ငံတော်သူ နိုင်ငံသားများ၏ မူလ အခွင့်အရေး ဆုံးရှုံးစေသော ဥပဒေများ မပြုလုပ်ရဟု အတိအလင်း ထည့်သွင်းရေးထားလေသည်။

× × × ×

mgyoe.com

mgyoe.com


## ၄။ လွတ်လပ်စွာ တရားစီရင်ခွင့်

နိုင်ငံ တစ်နိုင်ငံတွင် ပြည်သူလူထုတို့ မည်မျှ လွတ်လပ်ခွင့် ရှိသည်ကို ထိုနိုင်ငံရှိ တရားရုံးတော်များ မည်မျှ လွတ်လပ်သည် မလွတ်လပ်သည်ကို အကဲခတ်ခြင်းဖြင့် သိနိုင်ပေသည်။ ထို့ကြောင့် နိုင်ငံသားများသည် ဒီမိုကရေစီ အခွင့်အရေးများ ပြည့်ပြည့်ဝဝ ခံစားနိုင်ရန်နှင့် မူလအခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိနိုင်ရန်မှာ လွတ်လပ်သော တရားရုံးတော်များ၊ လွတ်လပ်စွာ တရားစီရင်မှုများရှိရန် လိုပေသည်။

လွတ်လပ်သော တရားရုံးတော်များ ပေါ်ပေါက်လာသည်မှာလည်း နေ့ချင်း ညချင်း ပေါ်ပေါက်လာသော ကိစ္စမဟုတ်ပေ။ နှစ်ပေါင်းများစွာ အသက်ပေါင်းများစွာ အဆုံးခံ၍ တိုက်ယူခဲ့ရသော ကိစ္စဖြစ်၏။ လွတ်လပ်သော တရားစီရင်မှု ရရှိရန် တိုက်ယူရသော အဖြစ်အပျက်များသည် ပါလီမန်ဒီမိုကရေစီနိုင်ငံ ဖြစ်အောင် တိုက်ယူရသော အဖြစ်အပျက်များနှင့် ဆက်စပ်လျက် ရှိပေသည်။ တစ်နည်းအားဖြင့် ဆိုလျှင် သက်ဦးဆံပိုင်ဘုရင်စနစ်မှ လူထုလက်တွင်းသို့ အာဏာသက်ဆင်းလာသော စနစ်သို့ရောက်အောင် တိုက်ယူရသော ရာဇဝင်အဖြစ်အပျက်ပင် ဖြစ်ပေသည်။

သက်ဦးဆံပိုင်မင်းများ၏ တစ်ချက်လွှတ် တန်ခိုးအာဏာကို ယုတ်လျော့ပျောက်ကွယ်သွားအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသော နိုင်ငံများအနက် ပါလီမန်တို့၏မိခင်ကြီးဟု ခေါ်သမုတ်အပ်သော ဗြိတိသျှပါလီမန်ကြီး ဖြစ်ပေါ်ထွန်းကားလာပုံ အကြောင်းမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်ပေသည်။

လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ခန့်က အင်္ဂလိပ်နိုင်ငံရှိ ဘုရင်များသည် သက်ဦးဆံပိုင်ဘုရင်များပင် ဖြစ်၏။ သို့သော် ထိုဘုရင်များသည် နိုင်ငံတော် ကာကွယ်ရေး၊ အခွန်

mgyoe.com

mgyoe.com


အတုတ် ကောက်ခံရေးကိစ္စများကို မြို့စားနယ်စားကြီးများ ပါဝင်သော မဟာကောင်စီအဖွဲ့ကြီးနှင့် တိုင်ပင်မြဲ ဖြစ်လေသည်။

ဂျွန်ဘုရင်လက်ထက်သို့ရောက်သောအခါ ဂျွန်သည် ထိုအစဉ်အလာကို ဖျက်ခဲ့လေသည်။ ဂျွန်ဘုရင်သည် မဟာကောင်စီနှင့် မတိုင်ပင်ဘဲ အခွန်အကောက်များကို ကောက်ချင်သလို ကောက်ယူသည်။ တိုင်းသူပြည်သားများအပေါ်တွင် ရက်စက်စွာ ပြုမူသည်။ အပြစ်မရှိသူများကို ဖမ်းဆီးချုပ်နှောင်သည်။ ကာလကြာလတ်သော် တိုင်းသူပြည်သားများနှင့်တကွ မြို့စားနယ်စားကြီးများပါ မခံမရပ်နိုင် ဖြစ်လာလေသည်။

**မဟာစာချုပ်ကြီး**

ထိုအချိန်က တောသူ တောင်သားတို့မှာ ယခုခေတ်အခါကဲ့သို့ ဆူပူ ကန့်ကွက်ခြင်း၊ အင်အားပြခြင်း၊ ခေါင်းဆောင်ခြင်းများ ပြုလုပ်ရဲသော အချိန်မဟုတ်ပေ။ ဘုရင်နှင့် အတိုက်အခံပြုရဲသူတို့မှာ မြို့စားနယ်စားကြီးများသာ ဖြစ်၏။ တစ်ခါသော် နယ်စားကြီးများသည် စုရုံးတိုင်ပင်ကြပြီးနောက် မိမိတို့ အကျိုးစီးပွား၊ တိုင်းသူပြည်သားတို့၏ အကျိုးစီးပွားတို့ကို ကာကွယ်ပေးနိုင်သည့် အချက်အလက်များ ပါဝင်သော တောင်းခံလွှာကြီးတစ်စောင်ကို ရေးသား၍ ဂျွန်ဘုရင်ထံသို့ တင်ပြလေသည်။

ဂျွန်ဘုရင်သည် ထိုစာလွှာကို ဖတ်ရှုပြီးနောက် "ငါ့သရဖူကိုပါ တောင်းကြပါလား" ဟု ပြက်ရယ်ပင် ပြုလိုက်သေးသည်။ ထိုနောက်နယ်စားတို့၏တောင်းခံလွှာကို ဂရုမစိုက်ဘဲ ရာနီမိတ်အရပ်သို့ ထွက်ခွာသွားလေသည်။ နယ်စားကြီးများလည်း လက်နက် လူသူစုရုံးပြီးလျှင် ဂျွန်ဘုရင်နောက်သို့ လိုက်ကြလေသည်။ ဂျွန်ဘုရင်နှင့် တွေ့ဆုံသောအခါ ရှာ

mgyoe.com

mgyoe.com



မဂ္ဂနာကာတာခေါ် မဟာစာချုပ်ကြီးအပေါ်တွင် ဂျွန်ဘုရင် လက်မှတ်ရေးထိုးနေပုံ

စားကြီးများက မိမိတို့ တောင်းဆိုချက်များကို မပေးလျှင် လက်ရုံးအားကိုးပြုရပါလိမ့်မည်ဟု ခြိမ်းခြောက်လေသည်။ ဂျွန်သည် ဒေါသလည်း ဖြစ်၏။ နယ်စားကြီးများ၏လက်ရုံးအားကိုလည်း ရွံ့၏။ ထိုကြောင့် နယ်စားကြီးများ၏ တောင်းခံမှုအပေါ်တွင် တောင်းဆိုချက်များကို ပေးပါမည် ဝန်ခံ၍ လက်မှတ်ရေးထိုးတံဆိတ်ခတ်နှိပ်ရလေသည်။

နယ်စားကြီးများ၏ တောင်းခံလွှာကို မဂ္ဂနာ ကားတား ဟု ခေါ်သည်။ မဟာစာချုပ်ကြီးဟု အဓိပ္ပာယ်ရလေသည်။

mgyoe.com

mgyoe.com


မဟာစာချုပ်ကြီးတွင် ပါဝင်သော အချို့အချက်အလက်များမှာ -

(၁) နယ်စားကောင်စီအဖွဲ့၏ သဘောတူညီချက် မရဘဲ အခွန်မကောက်ရန်၊

(၂) လူတစ်စုံတစ်ယောက်အား နိုင်ငံအတွင်း တည်ဆဲ ဥပဒေများအရ မဟုတ်ဘဲ ဖမ်းဆီးခြင်း၊ ထောင်ချခြင်း၊ မြေပေါ်မှ နှင်ထုတ်ခြင်း၊ နယ်နှင်ခြင်း၊ ညှဉ်းပန်းခြင်း စသော အပြုအမူမျိုး မပြုလုပ်ရန်၊

(၃) မြို့ဝန်များ၊ ရဲအရာရှိများနှင့် အခြား အရာရှိများသည် ဘုရင်၏အမိန့်အာဏာကို အလွဲသုံးစား မပြုလုပ်ရန်၊

(၄) တရား ဆုံးဖြတ်ရာတွင် မှန်ကန်မှုကို ရရှိစေရန် လာဘ်ပေး လာဘ်ယူ ကိစ္စ၊ အဂတိ လိုက်စားခြင်း ကိစ္စ၊ နှေးကန်ခြင်း စသော ကိစ္စများကို ပယ်ရှားပစ်ရန် စသည်တို့ ဖြစ်၏။

မဂ္ဂနာကားတားပါ အချက်အလက်များသည် ဗြိတိသျှ နိုင်ငံအား တစ်မုဟုတ်ခြင်း ဒီမိုကရေစီနိုင်ငံအဖြစ်သို့ မပြောင်းလဲစေနိုင်ခဲ့သော်လည်း လူထုလက်ဝယ်သို့ အာဏာ အသင့်အတင့် ရောက်ရှိလာပြီးလျှင် ဘုရင်၏ အခွင့်အာဏာများကို ကျဉ်းမြောင်းအောင် လုပ်ဆောင်လိုက်ခြင်း ဖြစ်သည်။

မဟာစာချုပ်ကြီးတွင် ပါရှိသော နယ်စား ကောင်စီအဖွဲ့၏ သဘောတူညီချက်ကို မရဘဲ အခွန် မကောက်ရဆိုသော အချက်သည် နောင်အခါ၌ ပြည်သူတို့၏ ဆန္ဒမရဘဲ အခွန် မကောက်နိုင်ဆိုသော အချက်ဖြစ်လာသည်။ တရားဥပဒေများ အရမဟုတ်ဘဲ ဖမ်းဆီးခြင်း၊ ထောင်ချခြင်း မပြုလုပ်ရဆိုသော အချက်သည် နောင်အခါ၌ လူတိုင်း လူတိုင်း ဥပဒေ အရာတွင် အခွင့်အရေးအညီအမျှ ရရမည်ဆိုသော အချက် ဖြစ်လာသည်။ အပြစ်အထိုက်အလျောက်သာ စီရင်ရန် ဆိုသော အချက်သည် နောင်အခါ ရှေ့တော်သွင်း စာချွန်နှင့်

mgyoe.com

mgyoe.com


ဂျူရီလူကြီးများကို တိုင်ပင်၍ ဆုံးဖြတ်သော စနစ်များ၏ လမ်းစ ဖြစ်လာလေသည်။ အင်္ဂလန်ပြည်သူလူထုသည် ဘုရင် အဆက်ဆက်အား မဟာ စာချုပ်ကြီးကို အသိအမှတ်ပြုခိုင်း လာခဲ့သည်မှာ ၃၇ ကြိမ်တိုင်တိုင် ရှိခဲ့ပေပြီ။

လျစ်လျူရှုပြန်ပြီ

ဂျွန်ဘုရင် နတ်ရွာစံပြီးနောက် အင်္ဂလန်ပြည်တွင် သား တော် တတိယမြောက် ဟင်နရီဘုရင် နန်းတက်လာသော အခါ မဟာစာချုပ်ကြီးပါ အချက်အလက်များကို လျစ်လျူရှု ထားပြန်သဖြင့် ဘုရင်နှင့်နယ်စားများ လက်နက်ချင်းပြိုင်၍ တိုက်ခိုက်ခဲ့ရပြန်သည်။ နောက်ဆုံးတွင် ဘုရင်က အလျှော့ ပေးပြီးလျှင် ကောင်စီ အစည်းအဝေးကြီးကို ခေါ်ခွင့်ပြုလေ သည်။ ထိုကောင်စီသို့ မြို့စား၊ နယ်စား၊ ဂိုဏ်းအုပ် ဘုန်းကြီး များသာမက သာမန်အရပ်သား ကိုယ်စားလှယ်များလည်း တက်ရောက်ခွင့်ရလေသည်။ ထိုကောင်စီ အစည်းအဝေးကြီး ကို ဝက်စမင်စတာခန်းမဆောင်ကြီး၌ ကျင်းပလေသည်။ ထို အချိန်မှစ၍ မဟာကောင်စီကို ပါလီမန်ဟု ခေါ်စပြုလာလေ သည်။

ပါလီမန်ကြီး ပေါ်ပေါက်လာငြားသော်လည်း ဘုရင် တိုင်းသည် ပါလီမန်နှင့် တိုင်ပင်၍ ပါလီမန်၏ဆုံးဖြတ်ချက် ကို လိုက်နာခဲ့ကြသည် မဟုတ်ချေ။ အချို့ဘုရင်များသည် အခွင့်သာလျှင် သာသည့်အတိုင်း ပါလီမန်ကိုလျစ်လျူပြုကာ မိမိသဘောအတိုင်း အာဏာကို သုံးလေ့ရှိသည်။ ထိုသို့ အာဏာကို အလွဲသုံးစားပြုသော မင်းများအနက် ပထမ မြောက် ချားဘုရင်လည်း တစ်ပါး အပါအဝင်ဖြစ်၏။

ချားဘုရင်လက်ထက်၌ အင်္ဂလန်နိုင်ငံသည် စပိန်နိုင်ငံ နှင့် စစ်ဖြစ်သဖြင့် ငွေလိုလာ၏။ ငွေလိုသဖြင့် အခွန်တော်သစ် ထပ်၍ ကောက်ခံနိုင်ရန် ပါလီမန်ကို ဆင့်ခေါ်ရလေသည်။

mgyoe.com

mgyoe.com


ပါလီမန်က အခွန်အသစ်ကောက်ရန် ကိစ္စကို မစဉ်းစားဘဲ ထားလိုက်သဖြင့် ချားဘုရင်သည် မခံမရပ်နိုင် ဖြစ်သွားလေသည်။ ထိုနောက် ပြည်သူများထံမှ အတင်းအကျပ် ငွေချေးယူရန် ကြံစည်ပြန်လေသည်။

ချားဘုရင်သည် မိမိ၏သဘောအတိုင်း အရာရှိများကို ခန့်အပ်၍ ငွေချေးရန် လွှတ်လေသည်။ ငွေချေးရန် ငြင်းဆန်သူများကို ထောင်သို့ သွင်း၍ ထားလိုက်လေသည်။ ထောင်သွင်း အကျဉ်းထားခံရသူများအနက် ဆာသောမတ်ဒါးနယ် ဆိုသူနှင့် အခြားသူရဲကောင်းဘွဲ့ရ ပုဂ္ဂိုလ်လေးဦးလည်း ပါရှိလေသည်။

ဆာဒါးနယ်က မိမိ၏ရှေ့နေမှ တစ်ဆင့် ရှေ့တော်သွင်း စာချွန်ကို လျှောက်ထားလိုက်သည်။ တရားရုံးတော်တွင် အမှုဆိုင်သည့်အခါ အစိုးရရှေ့နေချုပ်ကြီးက ဆာဒါးနယ်ကို ဘုရင်မင်းမြတ်၏ အထူးအမိန့်တော်ဖြင့် ချုပ်နှောင်ထားသဖြင့် အဘယ်အကြောင်းကြောင့် ချုပ်နှောင်ထားသည်ဟု ပြောရန် မလိုပါဟု လျှောက်လဲလေသည်။ ဆာဒါးနယ်၏ ရှေ့နေက ထိုလျှောက်လဲချက်မှာ အဓိပ္ပာယ်မရှိကြောင်း၊ ဘုရင်အဆက်ဆက် လိုက်နာကျင့်သုံးရမည့် မဟာစာချုပ်ကြီးနှင့် ဆန့်ကျင်နေကြောင်း ချေပလေသည်။

သို့ရာတွင် အဆုံးအဖြတ်ပေးမည့် တရားသူကြီးက ဘုရင့်အလိုတော်အတိုင်း ဆာဒါးနယ်နှင့် အခြားပုဂ္ဂိုလ်လေးဦးတို့ကို ချုပ်မြဲချုပ်နှောင်ထားရန် အမိန့်ချမှတ်လိုက်လေသည်။

ပါလီမန် စည်းဝေးကျင်းပသောအခါ ထိုကိစ္စကို ပြင်းပြင်းထန်ထန်အရေးယူကြလေသည်။ မတရား ချုပ်နှောင်မှုကိုလည်းကောင်း၊ ရုံးတော်မှ စီရင်ချက်ကိုလည်းကောင်း ရှုတ်ချသော ဆုံးဖြတ်ချက်များ ချမှတ်ကြလေသည်။ ထိုမျှမကသေး၊ ၎င်းကိစ္စကို အောက်လွှတ်တော်နှင့် အထက်

mgyoe.com